**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ**

**NATIONAL COUNCIL OF THE UNION OF BURMA**

## (၆၀)နှစ်မြောက် ပြည်ထောင်စုနေ့အခန်းအနားသို့ ပေးပို့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ(**NCUB**) ဥက္ကဋ္ဌကြီး၏ နှုတ်ခွန်းဆက် သဝဏ်လွှာ

**အနယ်နယ်တွင် ရောက်ရှိနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ မျိုးချစ် ပြည်ချစ် မြန်မာနိုင်ငံသားများခင်ဗျား –**

အခုလို – (၆၀) နှစ်ပြည့် ပြည်ထောင်စုနေ့ အခန်းအနားကြီးကို မိခင်နိုင်ငံကြီးက အကြောင်းအမျိုးမျိုးနဲ့ ထွက်ခွာလာခဲ့ကြတဲ့ တိုင်းရင်းသားပေါင်းစုံ မြန်မာနိုင်ငံသားများအနေနဲ့ စုစည်းညီညွှတ်စွာ ကျင်းပပြုလုပ်ကြတဲ့အတွက် ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေနဲ့ များစွာနှစ်ထောင်းအားရ ဖြစ်ရခြင်းနှင့်အတူ အထူးဘဲ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနဲ့ ဒီနေ့လို မင်္ဂလာရှိလှတဲ့ နေ့ထူးနေ့မြတ်ကြီးမှာ ပြည်ပရောက် တိုင်းရင်းသားလူမျိုးပေါင်းစုံ မျိုးချစ်ပြည်ချစ် နိုင်ငံသားများကို နှုတ်ခွန်းဆက်သဝဏ်လွှာ ပို့ခွင့်ရတဲ့အတွက် အထူးဘဲဝမ်းမြောက်ဂုဏ်ယူမိရပါကြောင်း ဦးစွာမဏာမ ပြောကြားလိုပါတယ်။

**အနယ်နယ်တွင် ရောက်ရှိနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ မျိုးချစ် ပြည်ချစ် မြန်မာနိုင်ငံသားများခင်ဗျား –**

တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်လျှက်ရှိတဲ့ ကျနော်တို့မြန်မာနိုင်ငံတော်ကြီးဟာ ခေတ်မီဖွံ့ဖြိုးပြီး အေးချမ်းကာငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံဖြစ်ရမည့်အစား ဖက်ဆစ် စစ်အာဏာရှူးတစုကြောင့် ခန်းခြောက် ပျက်စီးနေပြီဆိုတာ မျိုးချစ်နိုင်ငံသားတိုင်း သတိပြုမိကြမှာ သေချာပါတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတော့ တိုင်းရင်းသားလူမျိုး တမျိုးချင်းစီရဲ့ တန်းတူရည်တူရှိမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးများ ဆိတ်သုဉ်းနေခဲ့လို့ဘဲဖြစ်ပါတယ်။ တနည်းပြောရရင် ဒီမိုကရေစီရေးရာ အခြေခံအချက်များ ကင်းမဲ့နေလို့ဘဲဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြည်ထောင်စုရေးဆိုင်ရာ စိတ်ဓါတ်ကို ခိုင်မာအောင် မတည်ဆောက်နိုင်လို့ဘဲဖြစ်တယ်။

ဒီနေ့လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေဟာဆိုရင် တိုင်းရင်းသားတမျိုးနဲ့တမျိုး အကြားမှာဖြစ်ဖြစ်၊ တိုင်းရင်းသားလူမျိုး တမျိုးအတွင်းမှာဘဲဖြစ်ဖြစ် စစ်အာဏာရှင်တို့ရဲ့ နည်းဗျူဟာ မျိုးစုံသုံးပြီး သွေးခွဲသပ်လျိုမှုများပြုလုပ်ကာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်ကြီးကို စနစ်တကျဖျက်စီးခံရပြီဖြစ်ပါတယ်။ ဒီအချက်ကို မျိုးချစ်မြန်မာနိုင်ငံသားတိုင်းအနေနဲ့ အထူး အလေးအနက်ပြုကြဘို့လိုပါတယ်။

စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီး မတည်ဆောက်နိုင်သ၍ တိုင်းရင်းသားလူမျိုး တမျိုးချင်းစီရဲ့ အခြေခံအခွင့်အရေးများဟာ အာမခံချက်ရှိနိုင်မှာ မဟုတ်ပါဘူး။ ဒီလို ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီးပေါ်လာဘို့အတွက်လည်း၊ တိုင်းရင်းသားများအားလုံးရဲ့ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုရှိရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးဆိုတဲ့ အခြေခံအခွင့်အရေးများကို အခိုင်အမာ အာမခံချက်ရှိစေဘို့ အထူးအရေးကြီးတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရေးဟာ မရှိမဖြစ်လိုအပ် လျှက်ရှိနေပါတယ်။ ကျနော်တို့ တိုင်းရင်းသားအားလုံး စစ်အာဏာရှင်အောက်က အမြန်ဆုံးလွတ်မြောက်ဘို့အတွက် ဒုတိယပင်လုံစိတ်ဓါတ်ကိုတည်ဆောက်ကြဘို့လိုမှာ ဖြစ်ပါတယ်။

ဒ့ါကြောင့် ဒီနေ့ တိုင်းရင်းသားပေါင်းစုံ မျိုးချစ်မြန်မာနိုင်ငံသားများအနေနဲ့ အခုလို ပြည်ထောင်စုနေ့ အခန်းအနားကြီးကို စစ်မှန်တဲ့ ပြည်ထောင်စုရေးစိတ်ဓါတ်၊ (ဒုတိယပင်လုံစိတ်ဓါတ်)မျိုးနဲ့ ကျင်းပပြုလုပ်ကြတာ ဖြစ်တယ်လို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေနဲ့ သတ်မှတ်လိုပါတယ်။ ဒီစိတ်ဓါတ်ကို ခိုင်မာအောင်တည်ဆောက်ပါ။ အစွန့်ရှည် ရှင်သန်အောင် မွေးမြူကြပါ။ ဖက်ဒရယ်ပြည်ထောင်စုသစ်ကြီး ပေါ်ထွန်းရေးကို ဦးတည်ကြပါ။ ဒီရည်မှန်းချက်ကို အောင်မြင်စွာ ရောက်ရှိနိုင်ဘို့အတွက် စစ်အာဏာရှင်စနစ်ကို အမြစ်မကျန် ဖယ်ထုတ်ပစ်ဘို့ အလွန်အရေးကြီးပါတယ်။ ဒါဟာ တိုင်းရင်းသားအားလုံး၊ လူမျိုးတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။

**အနယ်နယ်တွင် ရောက်ရှိနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ မျိုးချစ်ပြည်ချစ် မြန်မာနိုင်ငံသားများခင်ဗျား –**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေနဲ့လည်း ပင်လုံစိတ်ဓါတ်ကို အခိုင်အမာဆုတ်ကိုင်ပြီး အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို ရှေ့ရှုလျှက် –

၁။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး။

၂။ ပြည်တွင်းငြိမ်းချမ်းရေး။

၃။ ဒီမိုကရေစီရေး။

၄။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး –– စတဲ့ နိုင်ငံရေး ဦးတည်ချက်(၄)ရပ် ပေါက်မြောက်အောင်မြင်စေရန်အတွက် **“သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်ရေးနဲ့ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလာဒ် အကောင်အထည်ဖေါ်ရေး”** မဟာဗျူဟာ ရည်မှန်းချက်နှင့်အညီ နိုင်ငံရေးလုပ်ငန်းစဉ် (၁၂)ရပ်တို့ကို စနစ်တကျ ဖေါ်ဆောင်နိုင်ဖို့ ကြိုးပမ်းလျှက်ရှိပါတယ်။

ဒီ့အတွက် ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ချမှတ်ဖေါ်ဆောင်နေတဲ့ လက်တွေ့တိုက်ပွဲဝင်လုပ်ငန်းစဉ်များမှာလည်း ပူးပေါင်းပါဝင် အားဖြည့်တိုက်ပွဲဝင်သွားကြဖို့ကိုလည်း အလေးအနက်တိုက်တွန်းလိုပါတယ်။

ဒါအပြင် ဒီနေ့အချိန်ကာလဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့ ကာလဖြစ်တာနဲ့အညီ တိုင်းရင်းသားများ လိုလားတောင်းတတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ တိုင်းရင်းသားအင်အားစုများနဲ့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများ ရရှိရန် ကြိုးပမ်းတိုက်ပွဲဝင်နေကြတဲ့ ဒီမိုကရေစီအင်အားစုများတို့ အချင်းချင်းကြားမှာလည်း အပြန်အလှန် လေးစား အသိအမှတ်ပြုမှုများနဲ့အတူ စုစည်းမှု၊ ညီညွတ်မှုဟာ လွန်စွာမှ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။ ဒီအတွက်လည်း နယ်ပယ်အသီးသီးမှာ စုစုစည်းစည်း၊ ညီညီညွတ်ညွတ်နဲ့ ကျရာတာဝန်ကို လက်တွဲ ဆောင်ရွက်ကြဖို့ကိုလည်း အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

တိုင်းရင်းသား လူမျိုးပေါင်းစုံစုစည်းညီညွတ်မှုနဲ့ စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စုသစ်ကြီး ပေါ်ပေါက်လာအောင် အားလုံးအတူတကွ လက်တွဲပြီး ကြိုးပမ်းတိုက်ပွဲဝင်ကြပါစို့လို့ ဆန္ဒပြုရင်း ဤနှုတ်ခွန်းဆက်သဝဏ်လွှာကို ပေးပို့လိုက်ပါတယ်။

(ဗိုလ်ချုပ်ကြီးတာမလာဘော)
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

ရက်စွဲ ။ ။ ၂၀၀၇–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်။